Message Ten

# ခရစ်တော်ကို ကောင်းသောမြေအဖြစ် ပိုင်ဆိုင်ခြင်းအလို့ငှာ ကျွန်ုပ်တို့မြင်ရန်နှင့် တွေ့ကြုံခံစားရန် လိုအပ်နေသော အုပ်စိုးနေသည့် မူအလေ့အလာများ

ဖတ်ရန်ကျမ်း။ ။ ကော၊၂း၆။ ၁ကော၊၆း၁၇။ ၁၂း၁၂-၁၃။ တ၊၉း၃-၅။ ထွ၊၁၃း၂၁-၂၂။ ကော၊၄း၂

**I. "ထို့ကြောင့်၊ သင်တို့သည် သခင်ယေရှု တည်းဟူသော ထိုခရစ်တော်ကို ခံယူပြီးသည်ဖြစ်၍၊ ထို သခင်၌ လျှောက်လှမ်းလျှက်" - ကော၊၂း၆။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံရရှိပြီဖြစ်သည်နှင့်အမျှ ကိုယ်တော်၌ ကျွန်ုပ်တို့လျှောက် လှမ်းသင့်ပါသည်။ ကိုယ်တော်၌ လျှောက်လှမ်းခြင်းမှာ ခရစ်တော်၌ အသက်ရှင်ရန်၊ လုပ်ဆောင် ရန်၊ ပြုမူရန်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်းကို ထားရှိရန် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော် ၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်၊ ယင်းမှာ အစ္စရေးအမျိုးသားတို့ က ကောင်းသောမြေ၌ အသက်ရှင်ကာ၊ ၎င်း၏ ကြွယ်ဝသော ထုတ်ကုန်အားလုံးကို မွေ့လျော် ဝမ်းမြောက်ကြည်သည့်နည်းတူ ပင် ဖြစ်သည်။

B. ယနေ့ ကောင်းသောမြေသည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် ခရစ်တော်ဖြစ်ပြီး (ဂလ၊၃း၁၄)၊ ကျွန်ုပ်တို့၏မွေ့ လျော်ဝမ်းမြောက်မှုဖြစ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေ သည် (၂တိ၊၄း၂၂။ ရော၊၈း၁၆)။

C. ဝိညာဉ်အတိုင်း၊ ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း (အငယ်၊၄။ ဂလ၊၅း၁၆) သည် ဓမ္မသစ်ကျမ်း၌ အလယ်ဗဟိုကျ သော၊ အရေးပါသော အချက်ဖြစ်သည်။

**II. ခရစ်တော်၌ လျှောက်လှမ်းခြင်း၊ ဝိညာဉ်အတိုင်းနှင့် ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် ဝိညာဉ် တော်အားဖြင့် လျှောက်လှမ်းခြင်းရှိရန် ကျွန်ုပ်တို့သည် အသစ်မွေးဖွားခံရသော သုံးပိုင်းရှိသည့် ယုံကြည်သူများနှင့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ ဝိညာဉ်ရေးရာ မိတ်သဟာယ ၏ သော့ချက်မှာ ကောရိန္သုပထမစာစောင် ၆း၁၇ - "သခင်ဘုရား၌ ပေါင်းစည်းဆက်နွှယ်သော သူသည် ထိုသခင်နှင့် တစ်ဝိညာဉ်တည်းဖြစ်ခြင်း" ဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။**

A. ကျွန်ုပ်တို့သည် ဝိညာဉ်တော် ဘုရားသခင်ကို ကျွန်ုပ်တို့၏ဝိညာဉ်ဖြင့် ကိုးကွယ်ကြသည် - ယော၊ ၄း၂၄။

B. ကျွန်ုပ်တို့သည် ဝိညာဉ်ဖြစ်ရန် ဝိညာဉ်တော်အဖြစ် ဘုရားသခင်၏ အသစ်မွေးဖွားခံရကြသည် - ၃း၆။

C. ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများဖြစ်ကြောင်း ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် အတူ သက်သေခံသည် - ရော၊ ၈း၁၆။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဖြစ်လာပြီး၊ ဝိညာဉ် တော် =သည် ကိန်းဝပ်နေထိုင်သူဖြစ် သည် - ဧ၊၂း၂၂။

E. နှုတ်ကပတ်တစ်ခရစ်တော်နှင့် အသက်ပေးသောဝိညာဉ်တော်အဖြစ် သခင်ယေရှုသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ရှိသည် - ၂တိ၊၄း၂၂။ ရော၊၈း၁၀။
F. ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသောအရှင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေပါက၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေသောအရှင်က ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည့် ကိုယ်တော်၏ဝိညာဉ်တော်မှတဆင့် ကျွန်ုပ်တို့၏သေတတ်သော ကိုယ်ခန္ဓာများကိုလည်း အသက်ပေးလိမ့်မည်ဖြစ်သည် - အငယ်၊၁၁။
G. ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာ၏အလေ့အကျင့်များကို သေခြင်းသို့ထားရှိမည်ဆိုလျှင် ကျွန်ုပ်တို့အသက်ရှင် လိမ့်မည်ဖြစ်သည် - အငယ်၊၁၃ခ။
H. ကျွန်ုပ်တို့သည် အသက်နှင့် ငြိမ်သက်ခြင်းအတွက် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိကြသည် - အငယ်၊၆။
I. ခရစ်တော်ယေရှုနှင့်စပ်ဆိုင်သောသူတို့သည် အသွေးအသားနှင့် ၎င်း၏ချစ်ခင်ခြင်းများနှင့် တပ်မက်ခြင်းများကို (ဝိညာဉ်တော် အားဖြင့်) ကားတိုင်တွင် ရိုက်ထားကြပြီဖြစ်သည် - ဂလ၊၅း၂၄။
J. ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းသောအခါ အသွေးအသား၏တပ်မက်မှုကို မည်သို့မျှ ပြည့်စုံစေမည် မဟုတ်တော့ပါ - အငယ်၊၁၆။
K. ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်လျှင် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းကြရမည်ဖြစ်သည် - အငယ်၊၂၅။
L. ကျွန်ုပ်တို့သည် ပညတ်တရား၏ ဖြောင့်မတ်ခြင်းကို ပြည့်စုံစေခြင်းအတွက် ဝိညာဉ်၌ (ရောနှောပေါင်းစည်းထားသောဝိညာဉ်) အတိုင်း လျှောက်လှမ်းကြသည် (ကျွန်ုပ်တို့ဖြစ်ခြင်းကို ထားရှိကြသည်) - ရော၊၈း၄။
M. ယေရှုခရစ်၏ ဝိညာဉ်တော် ပေါများကြွယ်ဝစွာ မစခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်ကာ ကိုယ်တော်ကို ကြီးမားထင်ရှားစေခြင်း ရှိကြသည် - ဖိ၊၁း၁၉ခ-၂၁က။
N. ကျွန်ုပ်တို့သည် ဝိညာဉ်၌ အချိန်တိုင်း ဆုတောင်းကြသည် - ဧ၊၆း၁၈။
O. ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ သန့်ရှင်းစင်ကြယ်ခြင်း ခံရကြသည် - ရော၊၁၅း၁၆။
P. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်ခြင်း ခံရကြသည် - တိတု၊၃း၅။ ဧ၊၄း၂၃။
Q. ကျွန်ုပ်တို့သည် ခရစ်တော်၏ ဘုန်းထင်ရှားသော ပုံသဏ္ဌာန်တော်အထဲသို့ သခင်ဘုရား ဝိညာဉ်တော်အားဖြင့် ပုံသဏ္ဌာန် ပြောင်းလဲခြင်း ရှိကြသည် - ၂ကော၊၃း၁၈။
R. ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားအဖြစ် ဝိညာဉ်တော်နှင့် ပုံသဏ္ဌာန်ပြောင်းလဲခံရသော သုံးပိုင်းရှိသည့် လူအဖြစ် သတို့သမီးသည် နောက်ဆုံးတွင် ဝိညာဉ်ဆိုင်ရာ စုံတွဲ၊ ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်း ဖြစ်လာကာ (ဗျာ၊၂၂း၁၇က)၊ ဘုန်းထင်ရှားသော လူသားဇာတိ၌ ထင်ရှားပေါ်ထွန်းသည့် ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ ကိုယ်တော်၏

ထာဝရကြီးမားကျယ်ပြန့်ခြင်းနှင့်ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ဖြစ်သည်(၂၁း၁၀-၁၁)။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လျှောက်လှမ်းခြင်း ရှိရမည့်အရှင်မှာ ကိုယ်တော်၏ ပြည့်စုံသော အမှုတော်အဆင့်သုံးဆင့်၌ရှိသည့် ခရစ်တော်ဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။

A. ဘုရားသခင်၏ အလယ်ဗဟိုကျသော ဖွင့်ပြခြင်းမှာ သမ္မာကျမ်းစာ၌ ဘုရားသခင်၏ တိုးတက်လာခြင်းရှိသော ဖွင့်ပြခြင်းဖြစ်သည် - "လူပျိုလူလွတ်ဖြစ်သော" ဘုရားသခင်၊ လူ့ဇာတိခံသော ဘုရားသခင်၊ ရွေးနုတ်သော ဘုရားသခင်၊ ပေါင်းစည်းထားသော ဘုရားသခင်၊ အရှိန်အဟုန်မြှင့်တင်သော ဘုရားသခင်၊ ကိန်းဝပ်နေသော ဘုရားသခင်နှင့် ပေါင်းစည်းပါဝင်သော ဘုရားသခင်။ ပေါင်းစည်းပါဝင်သော ဘုရားသခင်သည် ကိုယ်ခန္ဓာတော်-ခရစ်တော်ဖြစ်ပြီး၊ ယင်းမှာ အဆုံးစွန်အနေဖြင့် "လက်ထပ်ပြီးသော" ဘုရားသခင်၊ အဆုံးစွန် ပေါင်းစည်းပါဝင်သော ဘုရားသခင်တည်းဟူသော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်။

B. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏ပြည့်စုံသော အမှုတော် အဆင့်သုံးဆင့် - လူ့ဇာတိခံခြင်း၊ အရာအားလုံး ပါဝင်ခြင်းနှင့် အရှိန်အဟုန်မြှင့်တင်ခြင်း- ၌ ခရစ်တော်၏ ပြန်လည်ရယူခြင်းဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍၊ အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ၊ အသက်ပေးသောဝိညာဉ်တော်သည် အရှိန်ခုနစ်ဆမြှင့်တင်သော ဝိညာဉ်တော်ဖြစ်လာခြင်းဖြစ်ကာ၊ ယင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်လာသော၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသော အသင်းတော်ကို တည်ဆောက်ရန် ဖြစ်သည်။

1. *ဘုရားသခင်သည် အသွေးအသားဖြစ်လာခြင်း* မှာ "လူပျိုလူလွတ်"ဖြစ်သော ဘုရားသခင်သည် လူ့ဇာတိခံသော ဘုရားသခင်နှင့် ရွေးနုတ်သော ဘုရားသခင် ဖြစ်လာခြင်းဖြစ်သည် - ယော၊၁း၁၊ ၁၄၊ ၂၉။
2. *အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာ၍၊ အသက်ပေးသောဝိညာဉ်တော်သည် အရှိန်ခုနစ်မြှင့်တင်သော ဝိညာဉ်တော်ဖြစ်လာခြင်း* မှာ ပေါင်းစပ်ထားသော ဘုရားသခင်သည် ကိန်းဝပ်နေသော ဘုရားသခင်ဖြစ်ရန် အရှိန်အဟုန်မြှင့်တင်သော ဘုရားသခင်ဖြစ်လာခြင်း ဖြစ်သည် - ၁ကော၊၁၅း၄၅ခ။ ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆။
3. *ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်လာသော၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသော တည်ဆောက်ခံရသည့် အသင်းတော်* သည် ပေါင်းစည်းပါဝင်သော ဘုရားသခင်၊ ကိုယ်ခန္ဓာတော်-ခရစ်တော်ဖြစ်ကာ၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပိုင်းရှိသည့် အသင်းတော်၏ အဆုံးစွန် ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် ပေါင်းစည်းပါဝင်ခြင်းအဖြစ်

ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသည် - ယော၁၇း၂၁။ ၆၄း၄-၆၊ ၁၆။ ကော၊ ၂း၁၉။ ဗျာ၁၉း၇-၉။ ၂၁း၂၊ ၉-၁၀။

**IV. သခင်ဘုရား၏ မျက်မှောက် ပြန်လည်ရယူခြင်းမှာ အသင်းတော်အသက်တာ၌ ကိုယ်ခန္ဓာတော်-ခရစ်တော် (“ထိုခရစ်တော်”)ကို ပြန်လည်ရယူခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်-ခရစ်တော်သည် ပေါင်းစည်းပါဝင်သော ဘုရားသခင်ဖြစ်သည်။ သို့ဖြစ်၍ ခရစ်တော်၌ လျှောက်လှမ်းခြင်းမှာ ပေါင်းစည်းပါဝင်သော ဘုရားသခင်ဖြစ်တော်မူသော ကိုယ်ခန္ဓာတော်-ခရစ်တော်အဖြစ် ကိုယ်တော်၌ လျှောက်လှမ်းခြင်း ဖြစ်သည် - ၁ကော၊၁၂း၁၂-၁၃။ တ၊၉း၄-၅၊ ၁၅။ ကော၊၂း၁၉။ ၆၄း၁-၆၊ ၁၅-၁၆။ ယော၊၁၄း၂၃။ ၁၇း၂၁။**

A. ကောရိန္သုပထမစာစောင် ၁၂း၁၂ တွင် “ကိုယ်ခန္ဓာသည် တစ်ကိုယ်တည်းဖြစ်လျက် အင်္ဂါအများ ရှိသည် ဖြစ်၍၊ ကိုယ်ခန္ဓာ၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်ခန္ဓာသည် တစ်ကိုယ် တည်း ဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏”ဟု ပြောထားသည်။ ဤကျမ်းပိုဒ်ရှိ “ထို ခရစ်တော်”သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်မဟုတ်ဘဲ၊ စုပေါင်းထားသော ခရစ်တော်၊ ကိုယ် တော်၏ယုံကြည်သူများအားလုံးနှင့်အတူ ပေါင်းစည်းပါဝင်သော ခရစ်တော်ဖြစ်သည်။

B. ဤသည်မှာ တမန်တော်ပေါလုက ခရစ်တော်ထံသို့ သူ၏နှိမ်နင်းခံရသော စကားပြောခြင်း၌ သူ မြင်ခဲ့သည့် စုပေါင်းထားသော“ငါ့ကို”ဖြစ်သည်။ သူသည် သခင်ယေရှုနှင့်ကိုယ်တော်၏ယုံကြည် သူများမှာ ကြီးမားသောပုဂ္ဂိုလ် - အံ့သြဖွယ် “ငါ့ကို” ဖြစ်ကြောင်း မြင်ခဲ့သည် - တ၊၉း၃-၅။

C. ယနေ့ ကျွန်ုပ်တို့ လျှောက်လှမ်းရန် လိုအပ်သည့် ခရစ်တော်သည် တစ်ဦးချင်းဆိုင်ရာ ခရစ်တော် ဖြစ်သည်သာမက၊ ပေါင်းစည်းပါဝင်သော ဘုရားသခင်ဖြစ်တော်မူသည့် အံ့သြဖွယ် “ငါ့ကို” ဖြစ် သော ကိုယ်ခန္ဓာတော်-ခရစ်တော်လည်းဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။

D. ခရစ်တော်ကို လက်ခံရရှိ၍ ကိုယ်တော်၌ လျှောက်လှမ်းခြင်းမှာ ကိုယ်ခန္ဓာတော်-ခရစ်တော်ကို လက်ခံရရှိခြင်းနှင့် လျှောက်လှမ်းခြင်းဖြစ်သည်၊ အကြောင်းမှာ ယနေ့ ခရစ်တော်သည် စုပေါင်း ထားသော ကိုယ်ခန္ဓာတော် ဖြစ်သောကြောင့်ဖြစ်သည်။ ခရစ်တော်သည် တစ်ဦးချင်းဆိုင်ရာ ခရစ်တော်မဟုတ်တော့ဘဲ၊ စုပေါင်းထားသော ခရစ်တော်၊ ကိုယ်ခန္ဓာတော်နှင့်အတူရှိသော ဦးခေါင်းတော်လည်းဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့သည် စုပေါင်းထားသော ခရစ်တော်၌ လျှောက် လှမ်းရန် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတွင် ကြီးစွာသော ခြားနားမှုကို ဖြစ်စေသည်။

E. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် “ခရစ်တော်ဖြစ်စေခြင်း”ကို ပြန်လည်ရယူခြင်း၊ အသင်း တော်အသက်တာ၌ ကိုယ်ခန္ဓာတော်-ခရစ်တော်၏ စစ်မှန်ခြင်းကို ရယူခြင်းဟု ခရစ်တော်၏ ပုဂ္ဂိုလ်တော်ကို စင်ကြယ်စွာနှင့် လုံးလုံးလျားလျား ပြန်လည်ရယူခြင်းဖြစ်သည် - ၁သက်၊၅း၂၃။ ဖိ၊၁း၁၉-၂၁က။ ၃း၈-၁၄။ ၂ကော၊၂း၁၀။ ကော၊၃း၁၀-၁၁။

F. ယနေ့ သခင်ဘုရားသည် အသင်းတော်အသက်တာ၌ ကိုယ်ခန္ဓာတော်-ခရစ်တော်ကို တည် ဆောက်နေသည်။ ကိုယ်ခန္ဓာတော်-ခရစ်တော်၌ ခရစ်တော်သည် ကိုယ်တော်၏ အင်္ဂါဝင်များ

အားလုံးအထဲသို့ ဆောင်ယူခံရပြီး၊ ကိုယ်တော်၏ အင်္ဂါဝင်များအားလုံးသည် ခရစ်တော်၏ ထင်ရှားခြင်းအတွက် အသက်၌ ကြီးထွားခြင်းနှင့် အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအားဖြင့် ကိုယ်တော်အထဲသို့ ဆောင်ယူခံရကြသည် - ၂း၁၉။ ရော၊၁၂း၂။ ၂ကော၊၃း၁၈။ ၁ကော၊၁၂း၁၂-၁၃။

1. ကိုယ်ခန္ဓာတော်-ခရစ်တော်၌ ကျွန်ုပ်တို့သည် အရာခပ်သိမ်းအဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြသည် - အငယ်၊၃ခ၊ ၁၃။
2. ကိုယ်ခန္ဓာတော်-ခရစ်တော်၌ အင်္ဂါဝင်များအားလုံး၏ လှုပ်ရှားလုပ်ဆောင်မှု ရှိသည် - အငယ်၊၁၄-၂၂။
3. ကိုယ်ခန္ဓာတော်-ခရစ်တော်၌ သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝဖြစ်ခြင်း၌ အင်္ဂါဝင်များ၏ အတူတကွ ပေါင်းစည်းခြင်း ရှိသည် - အငယ်၊၂၃-၂၇။ ယော၊၁၇း၂၁။ ဧ၊၄း၁-၆။

**V. ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ပိုင်ဆိုင်၍ ကိုယ်တော်၌ လျှောက်လှမ်းခြင်းအလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏ မျက်မှောက်တော်မှာ သခင်ဘုရား၌ ကျွန်ုပ်တို့၏အသက်တာနှင့် သခင်ဘုရား၌ ကျွန်ုပ်တို့၏ အလုပ် နှစ်ခုလုံးတွင် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။ ထွက်မြောက်ရာ ၃၃း၁၂-၁၇ တွင် မောရှေသည် ဘုရားသခင်အား ကိုယ်တော်၏မျက်မှောက်တော်က သူနှင့်အတူ၊ ဘုရားသခင်၏လူများနှင့်အတူ သွားမည့်အကြောင်း အပေးအယူလုပ်ခဲ့သည်။ ဘုရားသခင်က“ငါ၏မျက်မှောက်တော်သည် သင်နှင့်အတူ သွား၍ သင့်ကို နားခိုခြင်းပေးမည်”ဟု ပြောခြင်းအားဖြင့် တုန့်ပြန်ခဲ့သည် - အငယ်၊၁၄။**

A. သခင်ဘုရားသည် ကျွန်ုပ်တို့၌အသက်ရှင်ကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့သွားလေရာတိုင်း၌ သွားမည်ဖြစ်သည်၊ သို့သော် ကိုယ်တော်၏မျက်မှောက်တော်သည် ကျွန်ုပ်တို့နှင့်အတူ သွားပါသလား။ များစွာသောအချိန်မှာ သခင်ဘုရားက ကျွန်ုပ်တို့ကို ကူညီမစခြင်း ရှိကောင်းရှိမည်၊ သို့သော် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ပျော်ရွှင်ခြင်း ရှိချင်မှရှိမည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ တိုက်ရိုက်ဖြစ်သော၊ ကိုယ်တွေ့ဖြစ်သောမျက်မှောက်တော်အားဖြင့် အုပ်စိုးခံရန် လိုအပ်သည်။

B. သခင်ဘုရား၏မျက်မှောက်တော်၊ ပြုံးတော်မူခြင်းသည် ကျွန်ုပ်တို့အဖို့ ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်အထဲသို့ ဝင်ရောက်၍ ကိုယ်တော်ကို ပိုင်ဆိုင်ခြင်းအတွက် အုပ်စိုးနေသော မူအလေ့အလာဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်သည် လမ်း၊ “မြေပုံ” ဖြစ်ပြီး၊ ကိုယ်တော်၏လူများအား မည်သည့်လမ်းကို ယူဆောင်သင့်ကြောင်း ပြသပေးသည်။

C. ထွက်မြောက်ရာကျမ်းရှိ ရုပ်ပုံကားချပ်အရ သခင်ဘုရား၏မျက်မှောက်တော်သည် သူတို့ရှေ့က သွား၍ “နေ့၌ကား လမ်းပြဖို့ မိုးတိမ်တိုင်အားဖြင့်လည်းကောင်း၊ ညဉ့်၌ကား အလင်းပေးဖို့ မီးတိုင်အားဖြင့်လည်းကောင်း သူတို့ရှေ့က ကြွတော်မူ၏။ နေ့ အချိန်၌ မိုးတိမ်တိုင်၊ ညဉ့်အချိန်၌ မီးတိုင်ကို သူတို့ရှေ့မှ ရုပ်သိမ်းတော်မမူ” - ၁၃း၂၁-၂၂။

1. ပုံဆောင်ချက်၌ မိုးတိမ်သည် ဝိညာဉ်တော်ကို ပုံဆောင်၍ (၁ကော၊၁၀း၁-၂)၊ အလင်းပေးခြင်းအတွက် မီးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်သည် (ဆာ၊၁၁၉း၁-၅။

ယေ၊၂၃း၂၉)။ ထို့ကြောင့် ဘုရားသခင်၏မျက်မှောက်တော်မှ ချက်ချင်းဖြစ်သော၊ အသက်ရှင်သော ဦးဆောင်မှုသည် ဝိညာဉ်တော် သို့မဟုတ် နှုတ်ကပတ်တော် တစ်ခုခုမှတဆင့် လာခြင်းဖြစ်သည်။

2. တိုင်နှစ်တိုင်သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ပုံဆောင်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော် နှစ်ခုလုံး ဖြစ်သောကြောင့်တည်း (ယော၊ ၄း၂၄။ ၁း၁)။ ထိုမျှမက နှုတ်ကပတ်တော်သည် ဝိညာဉ်တော်လည်း ဖြစ်သည် (၆း၆၃။ ဧ၊ ၆း၁၇)။

3. သို့ဖြစ်၍ ဘုရားသခင်၊ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်တို့သည် နေ့အချိန်၌ဖြစ်စေ၊ ညအချိန်၌ဖြစ်စေ ကျွန်ုပ်တို့ကို စဉ်ဆက်မပြတ် ဦးဆောင်ရန်နှင့် လမ်းညွှန်ရန် တစ်ခုတည်းပင်ဖြစ်သည်။ ခရစ်ယာန်အသက်တာ၌ နေ့နှင့်ညအကြား ခြားနားမှုမရှိပါ၊ အကြောင်းမှာ မီးတိုင်မှလာသော အလင်းသည် ညကို နေ့ဖြစ်လာစေသောကြောင့် ဖြစ်သည်။

D. ထွက်မြောက်ရာကျမ်းက ဘုရားသခင်၏ ကောင်းကင်တမန်တော်အဖြစ် ခရစ်တော်သည် လူများကို ဦးဆောင်နေသောအရှင် ဖြစ်ကြောင်းကိုလည်း ပြသထားသည်။ ဘုရားသခင်၏ ကောင်းကင်တမန်တော် လှုပ်ရှားသွားသောအခါ၊ တိုင်သည်လည်း သွားခဲ့ပြီး၊ ကောင်းကင်တမန်တော်နှင့် တိုင်သည် တစ်ခုတည်းပင် ဖြစ်ကြောင်း ပြသသည်။ ခရစ်တော်နှင့် ဦးဆောင်နေသော ဝိညာဉ်တော်သည် ခွဲခြားထား၍ မရနိုင်ပါ (၁၄း၁၉။ ယော၊၁၄း၁၇-၂၀။ ၁၆း၁၃။ ၂ကော၊၃း၁၇။ ဗျာ၊၅း၆)။ ထိုမျှမက သခင်ဘုရားနောက်တော်သို့ လိုက်သောသူများသည် ဆန့်ကျင်မှုကို ရင်ဆိုင်ရသောအခါတိုင်း လမ်းညွှန်ပေးသောအလင်းသည် အလိုအလျောက်ပင် ကာကွယ်ပေးသော အလင်းဖြစ်လာသည်။ သို့သော်လည်း ဆန့်ကျင်သူများအဖို့မှာမူ ကာကွယ်ပေးသော အလင်းသည် မှောင်မိုက်ဖြစ်လာသည် (ထွ၊၁၄း၂၀)။

## VI. ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ပိုင်ဆိုင်၍ ကိုယ်တော်၌ လျှောက်လှမ်းခြင်းအလို့ငှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာနှင့် အစေခံခြင်း၌ များစွာသော၊ အကုန်အစင်ဖြစ်သော ဆုတောင်းခြင်းအားဖြင့် ယဇ်ပုရောဟိတ်အရာ၏ စစ်မှန်ခြင်း၌ အသက်ရှင်ကာ အစေခံရန် လိုအပ်သည် - ၁ပေ၊၂း၅၊ ၉။ ကော၊၄း၂။

A. အသင်းတော်သည် အသက်ရှင်ခြင်း၊ လန်းဆန်းခြင်းနှင့် ကြွယ်ဝခြင်း ရှိမရှိဟူသည်မှာ တစ်ခုတည်းသောအရာ - ကျွန်ုပ်တို့က ဝိညာဉ်တော်ဖြင့် စဉ်ဆက်မပြတ် ဖြည့်ခံရခြင်း - အပေါ်တွင် မူတည်နေသည်။ ဝိညာဉ်တော်ဖြင့် စဉ်ဆက်မပြတ် ဖြည့်ခြင်းခံ ရန်အလို့ငှာ ကျွန်ုပ်တို့သည် အလိုရှိခြင်း၊ ဗလာဖြစ်ခြင်းနှင့် ဆုတောင်းခြင်း ရှိသူများဖြစ်ရန် လိုအပ်သည် - အငယ်၊၂။ ဖိ၊၂း၁၃။ မ၊၅း၃၊ ၈။ လု၊၁း၅၃။ ဧ၊၅း၁၈။

B. အသင်းတော်ကို တည်ဆောက်ခြင်း၏ မြင့်မြတ်ဂုဏ်ရှိသောအလုပ်အတွက် ဉာဏ်ပညာ၊ နားလည်သဘောပေါက်ခြင်း၊ အသိပညာနှင့် ကျွမ်းကျင်မှုတို့မှာ ကျွန်ုပ်တို့ထံ ဝိညာဉ်တော်အဖြစ်

ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ရမည်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သာလျှင် ကျွန်ုပ်တို့မှတဆင့် ကိုယ်တော်၏ ကိန်းဝပ်ရာနေရာကို တည်ဆောက်နိုင်မည်ဖြစ်သည် - ထွ၊၃၁း၁-၃။ ဇာ၊၄း၆။

C. အသင်းတော်များအားလုံးရှိ သန့်ရှင်းသူများအားလုံးသည် ဆုတောင်းခြင်း၌ ဖွဲ့လုံ့လရှိမည်ဆိုလျှင် ပြန်လည်ရယူခြင်းသည် ကြီးမားစွာ ကြွယ်ဝခြင်းနှင့် မြင့်တင်ခြင်း ခံရလိမ့်မည်ဖြစ်သည်။ ထိုမျှမက သန့်ရှင်းသူများသည် သခင်ဘုရား၊ ကိုယ်တော်၏ မျက်မှောက်တော်နှင့် ကိုယ်တော်၏ ချက်ချင်းဖြစ်သော၊ အမြဲတည်သော ဘိသိက်ပေးခြင်းကို မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည် ဖြစ်သည်။ တစ်နေ့တာလုံး သူတို့သည် သခင်ဘုရား၏မျက်နှာတော် ပြုံးတော်မူခြင်းကို မွေ့လျော်ဝမ်းမြောက်ကြကာ၊ အသက်ရှင်သော ခရစ်တော်၏ပုဂ္ဂိုလ်တော်သည် သူတို့၏ တွေ့ကြုံခံစားမှုနှင့် မွေ့လျော်ဝမ်းမြောက်မှု ဖြစ်လာပေလိမ့်မည်။